# Universal Jurisdiction (UJ), Argentina & Myanmar

## အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်၊ အာဂျင်တီးနားနှင့် မြန်မာနိုင်ငံ

### အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်ဆိုသည်မှာ အဘယ်နည်း?

နိုင်ငံတစ်ခု၏ ပြည်တွင်း တရားရုံးများသည် ယေဘူယျအားဖြင့် အောက်ပါတို့ကို တရားစွဲဆိုကြပါသည်။

- ၎င်းတို့၏ နိုင်ငံအတွင်း ကျူးလွန်သော ရာဇဝတ်မှုများ
- ၎င်းတို့၏ နိုင်ငံသားများက နိုင်ငံပြင်ပတွင် ကျူးလွန်သော ရာဇဝတ်မှုများ
- ၎င်းတို့၏ နိုင်ငံသားများအပေါ် နိုင်ငံ၏ပြင်ပတွင် ကျူးလွန်ခံရသော ရာဇဝတ်မှုများ (ဖြစ်ရပ် ရှားပါးသည်)

ထိုအချက်များနှင့်ကွဲပြားသည့် အပြည်ပြည်ဆိုင်ရာတရားစီရင်ခွင့်ဆိုသည်မှာ အချို့နိုင်ငံများတွင် ပြင်းထန်သောရာဇဝတ်မှုများသည် ၎င်းတို့၏ နိုင်ငံအတွင်းဖြစ်ပွားခြင်း မရှိစေကာမူ၊ ကျူးလွန်သူသည် နိုင်ငံသားမဟုတ်စေကာမူ၊ နိုင်ငံတွင်းတရားရုံးများက တရားစွဲဆိုစီရင်ပိုင်ခွင့်ရှိသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုအယူအဆကို အလွန်ဆိုးဝါးပြင်းထန်သော ရာဇဝတ်မှုများအတွက်သာ အသုံးပြုသည်။ ရာဇဝတ်မှုများသည် အလွန်ဆိုးဝါးပြင်းထန်သဖြင့် နိုင်ငံတကာအသိုက်အဝန်းတစ်ခုလုံးအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် မှတ်ယူပြီး လူသားအားလုံးနှင့် သက်ဆိုင်သည်ဟု မှတ်ယူကြသည်။ ထိုရာဇဝတ်မှုများအတွက် တရားမျှတမှု ဆောင်ကြဉ်းနိုင်ရန် မည်သည့်နိုင်ငံတွင်ဖြစ်စေ တရားစီရင်ပိုင်ခွင့်ရှိသည်ဟု ယုံကြည်ကြသည်။

အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် အယူအဆကို အစဦးပိုင်းတွင် ပင်လယ်ဓါးပြ ရာဇဝတ်မှုများနှင့် ကျွန်ရောင်းဝယ်ကုန်ကူးခြင်းများကို ဖြေရှင်းရန်အတွက်သာ အသုံးပြုခဲ့သည်။ ယနေ့ခေတ်ကာလတွင် စစ်ရာဇဝတ်မှု၊ လူသားများကို ဆန့်ကျင်တိုက်ခိုက်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှု ကဲ့သို့သော အလွန်ဆိုးရွားပြင်းထန်သော နိုင်ငံတကာရာဇဝတ်မှုများကို ဖြေရှင်းရာတွင် အသုံးပြုကြသည်။ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက်မှု လုပ်ရပ်များကို စစ်ဆေးတရားစွဲဆိုစီရင်ရာတွင်လည်း အသုံးပြုသည်။

နိုင်ငံအများအပြားတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို အသိအမှတ်ပြုသော ဥပဒေများကို ရေးဆွဲပြဌာန်းထားပြီး ထိုဥပဒေများအပေါ်တွင် အခြေခံ၍ အမှုများကို လက်ခံတရားစွဲဆိုမှုများ ဆောင်ရွက်နေပါသည်။ ထိုနိုင်ငံများတွင် ဘယ်လ်ဂျီယမ်၊ ဂျာမနီ၊ ယူကေ၊ စပိန်၊ ဩစတြေးလျနှင့် အာဂျင်တီးနားနိုင်ငံတို့ ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ပေါ်တွင် အခြေခံ၍ တရားစွဲဆိုနိုင်ခဲ့သော ထင်ရှားသော အမှုအချို့မှာ အဒေါ့ဖ်အိုက်ခမန်း၊ ဩဂတ်စတို ပီနိုချေး၊ အေရီယယ်ရှာရွန်နှင့် ဂျော့ဂျ်ဘုရှ်စီနီယာ စသည့်အမှုများပါဝင်သည်။

### အာဂျင်တီးနားနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ?

ရိုဟင်ဂျာပြည်သူများအပေါ် လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံး သတ်ဖြတ်မှုကို မြန်မာနိုင်ငံက ကျူးလွန်ခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံ တရားရုံးတစ်ခုတွင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုတစ်ခုကို လူ့အခွင့်အရေးအဖွဲ့များက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တင်သွင်းလျှောက်ထားခဲ့သည်။

ထိုအမှုကို တင်သွင်းလျှောက်ထားနိုင်ခြင်းမှာ အာဂျင်တီးနားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၈ အပါအဝင် ဥပဒေများတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် အခြေခံမှုကို ရေးဆွဲပြဌာန်းထားခြင်းကြောင့် ဖြစ်ပါသည်။ ယခင်က တရုတ်နိုင်ငံတွင်း ဖာလွန်ဂုန်လှုပ်ရှားမှုနှင့် ဆက်နွှယ်သော အမှုနှင့် စပိန်နိုင်ငံ၏ ယခင်အာဏာရှင်ဟောင်း ဖရန်ကိုတို့၏ အမှုများကို အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို အသုံးပြု၍ အာဂျင်တီးနားနိုင်ငံ တရားရုံးက လက်ခံတရားစွဲဆိုခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်မူအရ ထိုအမှုကို လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်ရာဇဝတ်မှုဆိုင်ရာ တရားရုံးက ၂၀၂၁ နိုဝင်ဘာ ၂၆ တွင် အတည်ပြုခဲ့သည်။

### တရားစွဲဆိုသည့် အမှုအကြောင်းအရာမှာ အဘယ်နည်း?

ရိုဟင်ဂျာပြည်သူများအပေါ် လူသားဖြစ်တည်မှုကို ဆန့်ကျင်သောရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများအတွက် မြန်မာ့တပ်မတော် ထိပ်တန်းခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုသွားရန် လျှောက်ထားတောင်းဆိုသည်။

စစ်တပ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခြားတပ်မတော်ထိပ်တန်းခေါင်းဆောင်များအပြင် နိုင်ငံရေးခေါင်းဆောင်များနှင့် အခြားသြဇာကြီးသော အရပ်သား လူပုဂ္ဂိုလ်များကို အမည်တပ် တရားစွဲဆိုသည်။

ထိုတရားစွဲဆိုမှုသည် ကျူးလွန်သူများ၊ ပူးပေါင်းပါဝင်သူများနှင့် ရာဇဝတ်မှုများကို ဖုံးကွယ်ရန် ကြိုးပမ်းသူများ တစ်ဦးတစ်ယောက်ချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုနှင့် သက်ဆိုင်သည်။ မြန်မာနိုင်ငံတော်၏ တာဝန်ရှိမှုနှင့် မသက်ဆိုင်ပါ။

## အားသာချက်များ

- အာဂျင်တီးနားနိုင်ငံတွင်း အမှုသည် ICJ နှင့် ICC တို့တွင် ဆောင်ရွက်နေသော ယန္တရားများကို အထောက်အကူပြုမည်ဖြစ်သည်။
    - ယန္တရားသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တာဝန်ရှိမှုနှင့်သာ သက်ဆိုင်သည်။ (ICJ အမှုသည် နိုင်ငံတော်၏ တာဝန်ရှိမှုဖြစ်သည်။)
    - ထိုအမှုသည် မြန်မာနိုင်ငံဧရိယာအတွင်း ဖြစ်ပွားခဲ့သော ရိုဟင်ဂျာအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် သက်ဆိုင်သည်။ (ICC သည် ဘင်္ဂလားဒေ့ရှ်နယ်နိမိတ်အတွင်း တစိတ်တပိုင်းဖြစ်ပွားခဲ့သော ရာဇဝတ်မှုများ အတွက်သာ ကန့်သတ်ထားသည်။)
- အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) နှင့် IIMM က စုဆောင်းပြုစုထားသော သက်သေခံ အထောက်အထားများကို ကြည့်ရှုနိုင်ရန်အတွက် အာဂျင်တီးနား တရားရုံးက မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) ကို တောင်းခံနိုင်ပါသည်။ ထိုအချက်က တရားရုံး၏ လုပ်ငန်းကို လွယ်ကူစေရန် များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။
- ထိုအမှုသည် မြန်မာစစ်တပ်အပေါ် နိုင်ငံရေးအရ ဖိအားပေးရန် အထောက်အကူပြုနိုင်သည်။
- အကယ်၍ အာဂျင်တီးနား တရားရုံးက စစ်တပ်နှင့် အရပ်သားခေါင်းဆောင်များကို ဖမ်းဆီးမိန့်ဝရမ်း ထုတ်ပြန်ပါက ၎င်းတို့၏ နိုင်ငံရပ်ခြား ခရီးသွားလာနိုင်ကို များစွာကန့်သတ်နိုင်ခြေ ရှိပါသည်။

## ကန့်သတ်ချက်များ

- ခုံရုံး၏ တရားစီရင်ခွင့်ကို မြန်မာစစ်တပ်က ငြင်းဆန်ခဲ့ပြီး စွပ်စွဲချက်များကို တုံ့ပြန်မည်မဟုတ်ကြောင်းကို ပြောဆိုထားသည်။
- မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့် ဆက်လက်၍ စုံစမ်းစစ်ဆေးရန်နှင့် သက်သေများကို စုဆောင်းပြုစုရာတွင် ပိုမို၍ အခက်အခဲ တွေ့နိုင်သည်။
- စွပ်စွဲခံရသူများကို အာဂျင်တီးနားနိုင်ငံရှိ တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်ရန်အတွက် ခက်ခဲနိုင်ပါသည် (ဥပမာ – စွပ်စွဲခံရသူများကို လွှဲပြောင်းရယူရန်အတွက်)။ ထို့ကြောင့် တရားခုံရုံးကျင်းပနိုင်ရန် မဖြစ်နိုင်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။